
ဇယား ၂၀၂၀ ခုနှစ်၊ မေလ (၈) ရက်

## ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ ယာယီခိုလှုံရာစခန်းကိုးခုအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်သော လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

### လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

၁။ နိုင်ငံတော်အဆင့်

၂။ ပြည်နယ်အဆင့်




အမှုအစီရင်ခံတင်ပြမှု- (၀)

လိုအပ်သောဝန်ဆောင်မှုများ ကို စခန်းများသို့ ဖြန့်ဝေခြင်း

- -အန္တရာယ်ရှိသောဆက်သွယ်ရေး
- -အမှုစီမံခန့်ခွဲခြင်း ✓
- -စောင့်ကြည့်လေ့လာခြင်း၊ အမှု ကိစ္စ စုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ် ပွားမှု ကိုမြန်မြန်ဆန်ဆန်တုံ့ပြန်မှု ပေးခြင်း ✓
- -ကူးစက်ရောဂါတားဆီးကာကွယ် ခြင်းနှင့်ထိန်းချုပ်ခြင်း (IPC) ✓
- -စားနပ်ရိက္ခာ
- -ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ခံအားပေးခြင်း

### လူဦးရေပြဇယား


၂၀၂၀ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ UNHCR ၏လူဦးရေဖော်ပြချက်ဇယား

**စုစုပေါင်းလူဦးရေ - ၉၃,၂၉၈**

| | အသက် ၅နှစ်အောက် | ၅-၁၇ နှစ်အောက် | ၁၈-၅၉ နှစ်အောက် | ၆၀နှစ်+အထက် | မ | ကျား |
|---|---|---|---|---|---|---|
| ဘန့်ဒွန်ယမ်း | 10% | 31% | 51% | 7% | 51% | 49% |
| ဘန့်မယ်စုရီး | 9% | 34% | 52% | 5% | 50% | 50% |
| မယ်လ | 7% | 32% | 54% | 7% | 51% | 49% |
| မယ်လအူး | 12% | 32% | 49% | 6% | 50% | 50% |
| မယ့်ရမတ်လွှမ် | 11% | 32% | 51% | 6% | 50% | 50% |
| မယ့်နိုင်းစွယ် | 8% | 31% | 54% | 6% | 49% | 51% |
| နူဖိုး | 8% | 30% | 56% | 5% | 51% | 49% |
| ထမ်းဟင် | 9% | 34% | 52% | 6% | 52% | 48% |
| အုန်းဖြန် | 7% | 30% | 56% | 7% | 50% | 50% |

### ရန်ပုံငွေအခြေအနေ (USD)

*ဤရန်ပုံငွေလိုအပ်ချက်များသည် လက်ရှိသုံးစွဲနိုင်သည့်လိုအပ်ချက်များအပေါ် အခြေခံ၍ ၆လအတွက်သာဖြစ်သည်




အကူအညီလက်ခံရရှိမှု 1.84M

ကွာဟချက် 2.75M

| | | | |
|---|---|---|---|
| -အန္တရာယ်ရှိသောဆက်သွယ်ရေး | 28% | 72% | 1,200,000 |
| -အမှုစီမံခန့်ခွဲခြင်း | 50% | 50% | 849,060 |
| -စောင့်ကြည့်လေ့လာခြင်း၊ အမှုကိစ္စစုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကိုမြန်မြန်ဆန်ဆန် တုံ့ပြန်မှုပေးခြင်း | 50% | 50% | 176,220 |
| -ကူးစက်ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း (IPC) | 50% | 50% | 560,700 |
| -စားနပ်ရိက္ခာ | 31% | 69% | 1,608,000 |
| -ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ခံအားပေးခြင်း | 100% | | 202,000 |

## ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ ယာယီခိုလှုံရာစခန်းကိုးခုအတွက် COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်သော လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့

### စိုးရိမ်ပူပန်မှုနှီးနှောဖလှယ်ခြင်း

*ADRA (ACTED,COERR,JRS,HI,SCI,FilmAid,MI,UNHCR,TBC)**

**အဓိကအကြောင်းအရာ** *ဆံ့ဆာခွာနေထိုင်ခြင်း အခြေအနေနှင့်ပတ်သက်၍ဒုက္ခသည်များထံသတင်းစကားဖြန့်ဝေပေးခြင်း*

- ကိုဗစ်၁၉ ကာကွယ်တားဆီးရေးနှင့်တုံ့ပြန်ရေးဆိုင်ရာသတင်းစကားများကို ကရင် ၊ မြန်မာနှစ်ဘာသာဖြင့် ဒုက္ခသည်များထံ ဆက်လက်ဝေမျှပေးခြင်း၊ ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သူများအပါအဝင် အုပ်စုငယ်များအလိုက်ဆွေးနွေးခြင်း၊ ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ PA စနစ်ဖြင့် ကြေငြာခြင်းများ၊ ဗွီဒီယိုများနှင့် ဝက်ဆိုဒ်လင့်များကို ဝေမျှခြင်း
- (RCCE) အလုပ်အမှုဆောင်အဖွဲ့နှင့် အမျိုးသားညှိနှိုင်းရေးအဖွဲ့တို့နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် စိုးရိမ်ပူပန်မှုနှီးနှောဖလှယ်ခြင်းနှင့် လူထု ဆက်သွယ်ရေး နည်းဗျူဟာ အပြီးသတ်နိုင်ခဲ့သည်။
- စခန်းကိုးခုရှိ လူထုနှင့်ထိတွေ့ဆက်ဆံသော RCCE ဝန်ထမ်းများအား သင်တန်းပေးရာတွင် အခန်းကဏ္ဍပိုင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အတူ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့မှ နေအိမ်သို့အလည်အပတ်သွားခြင်းဆိုင်ရာ ကျင့်ဝတ်များ ပါဝင်သည်။
- တိုးတက်မှုအောက်ရှိ ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သောမိသားစုများ၏ စိတ်ကျန်းမာရေးနှင့်စိတ်ရော ကိုယ်ပါကျန်း မာစွာ နေထိုင်နိုင်ရေးဆိုင်ရာလမ်းညွှန်ချက်များ
- အဝတ်နှာခေါင်းစည်း အခု ၂၀၀၀၀ အား ဒုက္ခသည်များထံ ဖြန့်ဝေပေးခဲ့သည်။ နောက်ထပ်အဝတ်နှာခေါင်းစည်း အခု ၉၄၀၀၀နှင့် တကိုယ်ရေသန့်ရှင်းရေးပစ္စည်း ၁၆၅၀၀ အတွက် ဝယ်ယူခြင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်နေ သည်။ တကိုယ်ရေသန့်ရှင်းရေးပစ္စည်း အကြောင်းအရာနှင့် အဝတ်နှာခေါင်းစည်း အသုံးပြုခြင်းလမ်းညွှန် လက်ကမ်း စာစောင်ကို မွမ်းမံနေသည်။
- အသံချဲ့စက်ကြေငြာစနစ်တွင်လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်အကြမ်းဖက်မှုအား ဆန့်ကျင်သော ကာကွယ်ရေးဆိုင်ရာအချက်အ လက်များ ထည့်သွင်းရန်
- တုံ့ပြန်ချက်များနှင့် တိုင်ကြားချက်များအား မွမ်းမံခဲ့ပြီး စခန်းတွင်းလုပ်ရှားမှုများပါရှိအောင် ထည့်သွင်းရန်။

### လူနာကိစ္စစီမံခန့်ခွဲခြင်း

*IRC (MI),CDC**

**အဓိကအကြောင်းအရာ** *လက်ရှိတွင် မယ်ပောင်ဆောင်ခရိုင်အတွင်းရှိစခန်း(၄)ခု(လူဦးရေစုစုပေါင်း၁၂၀၀၀) အတွက် လုံခြုံစိတ်ချရသောစစ်ဆေးမှု သို့မဟုတ် လွှဲပြောင်းမှုဆိုင်ရာများအတွက် အဆောက်အဦးများမရှိပါ)*

- လက်ရှိတွင် COVID-19 ကုသရေးအတွက် အဆောက်အဦး ကြိုတင်ပြင်ဆင် တည်ဆောက်ခြင်း
- လိုအပ်ပါကမယ်ပောင်ဆောင်စခန်းများအတွက် စစ်ဆေးမှုလုပ်နိုင်စွမ်းကို သိရှိနိုင်ရန် SMRU နှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- လူနာကိစ္စစီမံခန့်ခွဲမှုကျင့်ဝတ်များ စတင်ဖွံ့ဖြိုးတိုးတက်လာခြင်း
- ဆေးဝါးနှင့် ထောက်ကူပစ္စည်းများ စတင်ဝယ်ယူခြင်း
- ကျန်းမာရေးဌာနများတွင် ယေဘူယျအားဖြင့် လူနာဝန်ပိခြင်းကို လျော့ချရန် အတွက် စီမံချက်များ ချမှတ်ခြင်း

### စောင့်ကြည့်ခြင်း၊ လူနာကိစ္စကို စုံစမ်းစစ်ဆေးခြင်းနှင့်ဖြစ်ပွားမှုကို မြန်ဆန်စွာ တုံ့ပြန်မှုပေးခြင်း

*IRC (MI, CDC, WHO, MOPH, MOI)**

**အဓိကအကြောင်းအရာ** *စခန်းများတစ်လျှောက်တွင်အသုံးပြုသော သီးခြားထားရှိမှုအစီအမံများနှင့် စခန်းအဝင်စစ်ဆေးရန်အတွက် ကွဲပြားခြားနားသောချဉ်းကပ်မှု၊ အစီရင်ခံခြင်းမရှိသည့် အခြေအနေများ ကြုံလာနိုင်သည်*

- ထိုင်းနိုင်ငံရှိ နေရပ်စွန့်ခွာထွက်ပြေးလာသူများအတွက် COVID-19 ရောဂါ ကာကွယ် တားဆီးခြင်း၊ စောင့်ကြည့်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် လျော့ချခြင်းဆိုင်ရာ လမ်းညွှန်ချက်များသည် ပြီးစီးလုနီးပြီဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်လည်သုံးသပ်မှုအောက်တွင်ရှိနေသည်။
- စားနပ်ရိက္ခာနှင့်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများနှင့်အတူ ယာယီခိုလှုံရာစခန်းကိုးခုရှိ သီးခြားထားရှိမှု လက်တွေ့လုပ်ဆောင်ခြင်း အနေအထားဆိုင်ရာ စာတမ်းကို မွမ်းမံခဲ့သည်။
- စောင့်ကြည့်ခြင်းဝန်ထမ်းအားလုံးသည်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ လက်ရှိရောဂါလက္ခဏာသတ်မှတ်ချက်အတိုင်း လေ့ကျင့်သင်ကြားပေးခဲ့ပြီး ကျင့်သုံးလျက်ရှိသည်။
- ရောဂါလက္ခဏာရှိသောလူနာများကို လူနာ၏အရေးပေါ်လိုအပ်ချက်အဆင့်သတ်မှတ်ချက်ပေါ်မူတည်၍ စစ်ဆေးကုသမှုများပြုလုပ်သွားရန် စခန်းများအားလုံးရှိ ဆေးရုံများ၌ စီစဉ်ဆောင်ရွက်ထားခြင်း
- စခန်းကိုးခုလုံးတွင် ရပ်ရွာစောင့်ကြည့်စနစ်များ လည်ပတ်ဆောင်ရွက်ခြင်းနှင့် စခန်းကိုးခုလုံးတွင် လူထုသီးခြား ထားရှိမှုနေရာများ တည်ထောင်ခြင်း
- စခန်းအဝင်/အထွက်ဂိတ်များ၌ စစ်ဆေးမှုများလုပ်ဆောင်နေသည့် ထိုင်းအာဏာပိုင်များကို ဆက်လက် ပံ့ပိုးပေးခြင်း
- ရပ်ရွာကျန်းမာရေးလုပ်သားများအတွက် ဆက်သွယ်ရေးခြေရာကောက်ခြင်းဆိုင် ရာသင်တန်းကို စခန်းအချို့ တွင်ပို့ချပေးပြီး ပြီဖြစ်ပြီး အခြားစခန်းများတွင်လည်း ဆက်လက် ပို့ချပေးနေခြင်း
- လွှဲပြောင်းရမည့်လူနာများအတွက် သီးသန့်အခန်းများသတ်မှတ်ကာ ချက်ချင်းလွှဲပြောင်းနိုင်ရန် အသင့်ပြင်ထား ခြင်းနှင့် စခန်းအတွင်းတွင် သံသယလူနာနှင့်အတည်ပြုလူနာများအတွက် ကုတင်အရေအတွက် တိုးမြင့်ခြင်း

### ကူးစက်ရောဂါ တားဆီးကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း (IPC)

*IRC (MI, CDC)**

**အဓိကအကြောင်းအရာ** *ခန့်မှန်းရခက်သော တစ်ကိုယ်ရည် ကာကွယ်ရေး ပစ္စည်းကိရိယာများ(PPE) ထောက်ပံ့မှု*

- ည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ စခန်းကိုးခုလုံးအတွက် တကိုယ်ရေကာကွယ်ရေးပစ္စည်း ကိရိယာ *PPE*အား ရက်သတ္တတ်(၆)ပတ်စာ ပေးဝေခဲ့ပြီး ခွဲစိတ်ခန်းသုံးနှစ်ခေါင်းစည်းများအား လစဉ်ထောက်ပံ့ပေးသည်။
- ကိုဗစ်၁၉ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း စံနှုန်းများကို ဆက်လက်ပြု ပြင်မွမ်းမံဆဲဖြစ်ပြီး စခန်းကိုးခုလုံးရှိ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများအားလုံးကို သင်တန်းများပို့ချပေးခဲ့သည်။
- မွမ်းမံဆဲအောက်ရှိ သီးခြားထားခြင်းနှင့် ကုသခြင်းအတွက် ကိုဗစ်-၁၉ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစံနှုန်းများနှင့် သင်တန်း စတင်ပေးခဲ့သည်။
- ဖွံ့ဖြိုးမှုအောက်ရှိ ဆေးဘက်ဆိုင်ရာသန့်ရှင်းရေးနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံး လုပ်နည်းစံနှုန်းများ၊ သင့်လျော်သောဝန်ထမ်းများ ကိုသင်တန်းများ စတင်ပေးခြင်း၊
- ကူးစက်ရောဂါတားဆီးကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာအသေးစိတ်မွမ်းမံသင်တန်းကို ဒေသအာဏာပိုင်များနှင့် စခန်းလုံခြုံရေးများကို ပို့ချပေးခြင်း
- စခန်းအဝင်/အထွက်နေရာများ၌လက်ဆေးခြင်းလုပ်ဆောင်မှုကို ဆက်လက်ပံ့ပိုးပေးရန်အတွက်ဆပ်ပြာနှင့်ရေများ ထောက်ပံ့ကပ်ပံ့ခြင်း
- အများနှင့်ဆိုင်သည့်နေရာများတွင် လက်ဆေးသည့်နေရာများထားရှိပြီး လူသွားလူလာအများဆုံးရှိသည့် နေရာများတွင် ဦးစားပေး ထားရှိသည်။
- လူထုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ အိမ်ထောင်စုတိုင်းကို လက်သန့်ရှင်းရေး ပစ္စည်းများ ထောက်ပံ့ခြင်း

## ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ ယာယီခိုလှုံရာစခန်းကိုးခုအတွက် COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်သော လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့

### စားနပ်ရိက္ခာ

*TBC*

**အဓိကအကြောင်းအရာ** *ရေရှည်တွင်ထောက်ပံ့မှုများအပေါ်မှီခိုမှုများနှင့် အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်ချက်တိုးမြင့်လာခြင်း*

- စားသောက်ကုန်ရောင်းချသူများ၊ ကုန်ပစ္စည်းပေးသွင်းသူများနှင့် သိုလှောင်ရုံများအတွက် ကိုဗစ် ၁၉ ကူးစက်မှု လျှော့ချရေးလမ်းညွှန်များ ထုတ်ဝေပေးခြင်း
- စားသောက်ကုန်ရောင်းချသူများသည် ဈေးဆိုင်များကို သန့်ရှင်းရန်အတွက် ဆပ်ပြာ၊ အရက်ပြန်နှင့် အရောင်ချွတ်ဆေးများ ထားရှိပေးခြင်း
- ဈေးဆိုင်များနှင့် သိုလှောင်ရုံများတွင် လက်ဆေးသည့်နေရာများ တပ်ဆင်ထားခြင်း
- သီးခြားစောင့်ကြည့်ခြင်း/သီးသန့်ထားခြင်းအခြေအနေများအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ် နည်းစံနှုန်းများကို အာဟာရအဖွဲ့များ၊ ကျန်းမာ ရေးစောင့်ရှောက်သူများ၊ စခန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- အခြေခံစားနပ်ရိက္ခာများနှင့်ချက်ပြုတ်လောင်စာများကို ဒုက္ခသည်များ ဆက်လက်ရရှိရေးသေချာမှုရှိစေရန် အတွက် နည်းဗျူ ဟာအဆင့်မြှင့်တင်ခြင်း
- ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သောအိမ်ထောင်စုများသည် ဝင်ငွေအခွင့်အလမ်းဆုံးရှုံးမှုသက်သာ စေရန်အတွက် အနည်းဆုံး ၃ လစာ စားနပ်ရိက္ခာ လက်ခံရရှိမည်ဖြစ်သည်၊ (ဧပြီလမှ ဇွန်လအထိ)

### ကာကွယ်စောင့်ရှောက်ခြင်းနှင့်ကိုယ်စားပြုအရေးဆိုခြင်း

*UNHCR (CCSDPT agencies, KWO, KnWO, KRC, KnRC)**

**အဓိကအကြောင်းအရာ** *ဒုက္ခသည်များအား နိုင်ငံတော်အဆင့်စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းများတွင် ထည့်သွင်းပါဝင်စေခြင်း*

- ကိုဗစ်၁၉အတွက် တော်ဝင်ထိုင်းအစိုးရ၏ နိုင်ငံတော်အဆင့်စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းနှင့်လုပ်ဆောင်မှု အစီအစဉ်များရေးဆွဲရာ၌ ဒုက္ခသည်များ ထည့်သွင်းပါဝင်စေရေးကို ကိုယ်စားပြုအရေးဆိုခြင်း
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုလျော့ချခြင်းအပါအဝင် အခြားဦးစီးဆောင်ရွက်သူများ၏ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ရေးနည်းလမ်းများအား ပံ့ပိုးပေးခြင်း
- ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သောသူများ၏အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းအပါအဝင် အထူးကာကွယ်စောင့်ရှောက်မှု လိုအပ်သူများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများကို ဆက်လက်ပေးအပ်ခြင်း
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရင်ဆိုင်ခံစားရသူများနှင့် အခြားအရေးကြီးသည့်/စိုးရိမ်ရသည့် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာအမှုများအတွက်သတင်းပို့တိုင်ကြားနိုင်သည့် လမ်းကြောင်းများအပါအဝင် ကာကွယ်စောင့်ရှောက်မှုစောင့် ကြည့်လေ့လာခြင်းအား ထိရောက်စေခြင်း နှင့်ပုံမှန်ဆက်လက်ဆောင်ရွက်မှုကိုသေချာစေခြင်း၊ အချို့သောအထောက်အကူပြုပစ္စည်းများပံ့ပိုးပေးသည့်ပြဿနာချက်များအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုလွှဲပြောင်းခြင်းဆိုင်ရာလမ်းကြောင်းများ မွမ်းမံခြင်းအား အပြီးသတ်နိုင်ခဲ့သည်။
- စခန်းအခြေပြုဝန်ထမ်းများနှင့်စခန်းအခြေပြုအဖွဲ့အစည်းများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ဆက်လက်လုပ်ဆောင်ခြင်းကို သေချာစေရန် အဝေးမှအမှုကိစ္စစီမံခန့်ခွဲခြင်းအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက် အပံ့များ ပို့ဆောင်ပေးခြင်း
- ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကလေးသူငယ်အကျွမ်းတဝင်အထောက်အကူပြုပစ္စည်း မွမ်းမံခြင်းနှင့် ဖြန့်ဝေခြင်း
- စခန်းများထဲတွင် စာသင်ကျောင်းများဘေးကင်းလုံခြုံမှုရှိရှိ ပြန်လည်ဖွင့်လှစ်ရန်အတွက် ပံ့ပိုးပေးနိုင်သည့် မွမ်းမံမှုအောက်ရှိ ဗျူဟာ

**ကိုဗစ် ၁၉ တုံ့ပြန်ဆောင်ရွက်ခြင်းအတွက် ဦးဆောင်ဦးရွက်ပြု ပူးပေါင်းပါဝင်ကြသောအဖွဲ့အစည်းများကို ကိုယ်စားပြုသည်*